ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (29-2-2012) (၇၀၅၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ဆင္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆင္ဌအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍာဝံသ က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောဒယ က ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီး (၅)ပါးကို တင်မြှောက်တော်မူကြသည်။

ဆက်လက်၍ အခမ်းအနားမှူးဆရာတော်က ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကတို့က ရှင်းလင်းပြန်ကြားလျှောက်ထားကြပြီး နံနက်ပိုင်းတွင် အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဂိုဏ်းကြီး (၉)ဂိုဏ်းမှ ကိုယ်စားလှယ်ဆရာတော်များက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာ၌ပါရှိသော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာတို့ကို ဆွေးနွေးတော်မူကြပြီး ဒုတိယနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့၏ တစ်နေ့တာဆွမ်းအလှူရှင်မှာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပိုလ်ရာညွန့်လမ်း အမှတ်(၃၃)နေ (ဦးမောင်မောင်ဆွေတင်)+ ဒေါက်တာမြသီတာဆွေတင် မိသားစု (SI ကုမ္ပဏီ) ဖြစ်သည်။

(သတင်းစဉ်)



လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပ ပါလီမန်အမတ်နှင့် အာဆီယံ ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ Dr. Werner Langen နှင့် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr. Werner Langen နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr. Werner Langen နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌနှင့် အတူ ဥရောပပါလီမန်အဖွဲ့ဝင် ၁၁ ဦးတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ ဥပဒေကြမ်း(၁)ခုအား ရှင်းလင်းဆွေးနွေး

လွှတ်တော်သတင်း စာမျက်နှာ ➢ ၄

ပြည်တွင်းပြည်ပရတနာကုန်သည်များ နှစ်သက်ခုံမင်စွာလာရောက်ဝယ်ယူကြဦးမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး

သတင်းဆောင်းပါး စာမျက်နှာ ➢ ၆

ရွှေလီတံတား(နမ့်ခမ်း)အကျိုးကျေးဇူးကြောင့် မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်အထိ ခရီးပေါက်

သတင်းမှတ်စု စာမျက်နှာ ➢ ၇

ကြေးမုံစာတည်းရှုထောင့်

၂၉-၂-၂၀၁၂ [ဗုဒ္ဓဟူးနေ့]။

စိတ်ကူးနှင့် လက်တွေ့

မိမိရောက်ချင်သည့် နေရာ၊ ဆိုက်ချင်သည့် ကမ်းဖြစ်ရန် အဓိကကျသည့် ရည်မှန်းချက်ရှိရမည်။ ရည်မှန်းထားသည့် ဖြစ်ချင်တာတွေကို ဖြစ်လာအောင် အကောင်အထည်ဖော်နေရင်းက စိတ်ကူးယဉ်နေရမည်။ မိမိဖြစ်ချင်တာကို တွေးပြီး စိတ်ကူးယဉ်နေရုံမျှတော့ ဖြစ်ချင်တာတွေ အလိုလိုဖြစ်လာမည် မဟုတ်။ ဖြစ်ချင်တာဖြစ်ရန် မိမိကိုယ်တိုင်လုပ်ပြီးယူရမည်။ မိမိကိုယ်ကို အားကိုးရမည်။ မိမိကိုယ်ကိုအားကိုးပြီး မိမိဘာသာလုပ်ရမည်ဆိုလျှင် **စိတ်ဓာတ်**က ပျော့ညံ့နေ၍ မဖြစ်။ ခိုင်မာပြတ်သားသည့် စိတ်ဓာတ်မျိုး ရှိနေရမည်။ အဘယ်ကြောင့်ဆိုသော် မိမိဖြစ်ချင်သည်ကို ဖြစ်လာရန် အကောင်အထည်ဖော်နေစဉ် မျှော်လင့်မထားသည့် အဟန့်အတားများ၊ မွှေနှောက်လာမည့် အခက်အခဲများကို ကြုံကိုကြုံရမည်။ တွေ့ကိုတွေ့ရမည်။ ကြုံရတွေ့ရသည့် အဟန့်အတား၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ခိုင်မာပြတ်သားသည့် စိတ်ဓာတ်မျိုး ရှိနေမှဖြစ်မည်။ စိတ်ဓာတ်က ပျော့ညံ့နေလျှင် ကြုံရတွေ့ရသည့် အဟန့်အတား၊ အခက်အခဲများအောက် ပြားပြားမှောက်သွားမည်။

ဖြစ်ချင်တာဖြစ်ရန် အားထုတ်ကြိုးပမ်းသည့်အခါ ခိုင်မာပြတ်သားသည့် စိတ်ဓာတ်အပြင် ဇွဲလည်း မရှိမဖြစ်လိုအပ်မည်။ဇွဲသည် အားမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်သည့် သတ္တိပင်။ လမ်းစအပျောက်မခံဘဲ ရည်မှန်းချက်ပန်းတိုင်မရောက်မချင်း လျှောက်လှမ်းနေရမည်။ လျှောက်တော့ လျှောက်ပါ၏။ ပန်းတိုင်ဆီ မရောက်နိုင်သေးဘဲ အရောက်နှေးလွန်းလာ၍ တွေဝေလာသည်။ တွေဝေမှုကြောင့် ထိုင်းမှိုင်းလေးကန်နေပြီ။ ထိုအခါ မှန်းချက်က လမ်းတစ်ဝက်တွင် ပျောက်သွားသည်။ ဇွဲမခိုင်ဘဲ အားလျှော့၍ ဖြစ်သည်။ ထို့ကြောင့် ရည်မှန်းချက်ပန်းတိုင် မရောက်မချင်း ဇွဲကို တင်းထားပါ။ အားမလျှော့လိုက်ပါနှင့်။ အားလျှော့၍ အားပျော့သွားသည်နှင့်တစ်ပြိုင်နက် ဦးတည်လာသည့် လမ်းကြောင်းက တိမ်းစောင်းယိမ်းယိုင်သွားမည်။ တိမ်းစောင်းယိမ်းယိုင်နေပြီဆိုလျှင် ရည်မှန်းချက်ပျက်ပြီ။ ရည်မှန်းချက် ပျက်စီးသွားလျှင် အစားထိုး၍မရတော့သည့်ဆုံးရှုံးမှုကြီး ဖြစ်သည်။ အားမလျှော့၊ အားမပျော့ရန်အတွက် သတ္တိကို မွေးပါ။ သတ္တိသည် စွမ်းရည်ဆိုသည့် အဓိပ္ပာယ်ကို ဖော်ဆောင်နေပါသည်။ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အရည်အချင်းကို စွမ်းရည်ဟု ခေါ်သည်။ အရည်အချင်းရှိရန် ဆိုသည့်နေရာတွင် ကျွမ်းကျင်မှုလိုသည်။ ကျွမ်းကျင်မှုသည် တစ်ခုခု တစ်နေရာရာတွင် တတ်သိလိမ္မာနေခြင်းဖြစ်သည်။ တတ်သိလိမ္မာကျွမ်းကျင်မှုသည် မိမိစိတ်ကူးယဉ်သည်ကို မြန်မြန်အကောင်အထည်ပေါ်အောင် ဖော်ပေးနိုင်သည်။ စိတ်ကူးယဉ်သည်ကို အကောင်အထည်ဖော်ရန်အတွက် တတ်သိလိမ္မာကျွမ်းကျင်အောင် ကြိုးပမ်းရဦးမည်။ **လေ့လာခြင်း၊ ဆည်းပူးခြင်း၊ သင်ယူခြင်း၊ မှတ်သားခြင်း၊ နည်းနာခံယူခြင်း၊ မာန်မာနကို နှိမ့်ချခြင်း**များက တတ်သိလိမ္မာကျွမ်းကျင်မှုအတွက် အထောက်အပံ့ကောင်းများ ဖြစ်သည်။ အထောက်အပံ့ကောင်းများကို ပိုင်ဆိုင်ရယူနိုင်လျှင် ထက်မြက်လာမည်။ ထက်မြက်လာခြင်းသည် ရဲရင့်ခြင်းဖြစ်သည်။ စွမ်းဆောင်ရည်ကို ရဲရင့်ခြင်းနှင့် ပေါင်းစပ်ဖော်ဆောင်လိုက်လျှင် စိတ်ကူးယဉ်ထားသည့် ရည်မှန်းချက်ပန်းတိုင်ဆီရောက်ရှိသွားပြီး အောင်မြင်သွားခြင်း ဖြစ်သည်။

ယနေ့ အောင်မြင်ကျော်ကြား လူသိများနေသည့်သူများကို လေ့လာကြည့်လျှင် အောင်မြင်မှုကို လွယ်လင့်တကူနှင့် ရယူခဲ့သူတစ်ဦး တစ်ယောက်မျှ မရှိပါ။ စိတ်ကူးယဉ်ရည်မှန်းချက်ပြည့်အောင် ကျားကုတ်ကျားခဲကြိုးစားခဲ့ကြရသည်။ စိတ်ကူးယဉ်ခြင်းသန္ဓေသားဘဝမှ မွေးဖွားရှင်သန်လာသည့် အောင်မြင်မှုများဖြစ်သည်။ ထို့ကြောင့် **စိတ်ကူးယဉ်ခြင်းသည် ကောင်းပါသည်ဟု** အားပေးရင်း စိတ်ကူးယဉ်သည့်အတိုင်း ဖြစ်အောင် ကြိုးပမ်းကြပါရန် တိုက်တွန်းပါသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၆၄၉	၀. ၀၃၂၉၃
တရုတ် (ယွမ်)	၆. ၃၀၀၂၃	၀. ၁၅၈၇၂
အိန္ဒိယ (ရူပီး)	၄၉. ၀၇၅၀	၀. ၀၂၀၃၈
မလေးရှား (ရင်းဂစ်)	၃. ၀၁၃၅၇	၀. ၃၃၁၈၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၁၉၉	၀. ၇၉၈၇၃
ဂျပန် (ယန်း)	၈၀. ၅၇၆၂	၀. ၀၁၂၄၁
တောင်ကိုရီးယား(ဝမ်)	၁၁၂၄. ၆၄	၀. ၀၀၀၈၉
ယူရို	၀. ၇၄၃၂၉	၁. ၃၄၅၃၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၅၆	၁. ၅၈၅၉၀

အင်တာနက်။

ဆဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဌအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပပါလီမန် အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr. Werner Langen နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိအဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(အောက်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦး လှ မြင့် ဦးနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး မြန်မာ့လွှတ်တော်နှင့် ဥရောပပါလီမန်တို့ အကြား အပြန်အလှန် ဆက်ဆံမှု တိုး မြှင့် စေ ရေး ကဏ္ဍရပ်များအား ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုသည့် Grand Hotel Beijing မှ ပေကျင်းအပြည်ပြည်ဆိုင်ရာ Capital လေဆိပ်သို့ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပေကျင်း အပြည်ပြည်ဆိုင်ရာ Capital လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ယူနန်ပြည်နယ် ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ယူနန်ပြည်နယ် အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ Mr. Yang Bao Jianနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ယူနန်ပြည်နယ် အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌတို့သည် လေဆိပ်အထူးဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာလွှတ်တော်နှင့် ယူနန်ကွန်ဂရက်တို့ အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ

ဒို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ

မြို့တိုင်းရင်းသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁၃/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

မြို့တိုင်းရင်းသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်သစ်၊ အိမ်အမှတ်(၂၄၅)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **မြို့တိုင်းရင်းသားပါတီ**အား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြို့တိုင်းရင်းသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၅၂) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Chen Bingde နှင့် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ် (၆)၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ပြည်သူ့လွှတ်တော်နှင့် မြန်မာသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကျီဝမ်မင်၊ စစ်ဆင်ရေးဌာနမှ ဌာနမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်ပိုင်ကျင့်ကျွင်းနှင့် ဗိုလ်ချုပ်ချမ်းရုံယိ၊ ထောက်ပံ့ပို့ဆောင်ရေးဌာန ဌာနမှူး ဗိုလ်ချုပ်ဆွင်းဝမ်းထရန်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်စေကော်ဝေး၊ လက်နက်တပ်ဆင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန ဒုတိယဌာနမှူး ဗိုလ်ချုပ်ရှန့်ကွမ့်ဟွေနှင့် နိုင်ငံတကာဆက်ဆံရေး အာရှဌာန ဌာနခွဲမှူး ဗိုလ်မှူးချုပ်ဝူရှောင်ယီတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးချစ်ခင်စွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအမှတ်(၆)ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားကြပြီး ညစာအတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်များက တေးသံသာများ၊ မြန်မာသီချင်းများ၊ တရုတ်ရိုးရာအကများနှင့် မျက်လှည့်ပြကွက်တို့ဖြင့် ဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား အမှတ်တရ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ Tianjin မြို့သို့ သွားရောက်ကြည့်ရှုလေ့လာပြီး Tianjin အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌနှင့်တွေ့ဆုံ

တွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် Tianjin အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr.Xiao Huaiyan တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ခေတ္တတည်းခိုသည့် Grand Hotel Beijing မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပေကျင်းဘူတာသို့ ရောက်ရှိပြီး ဘူတာအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပေကျင်းဘူတာမှ မြန်နှုန်းမြင့်ရထားဖြင့် ထွက်ခွာခဲ့ပြီး Tianjin ဘူတာသို့ ရောက်ရှိကြရာ Tianjin အမျိုးသားပြည်သူ့ကွန်ဂရက် အတွင်းရေးမှူး Mr. Wang Shi Xin နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tianjin မြို့ပြစီမံကိန်းပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း ပြသထားသည့် Tianjin မြို့ကွက်တည်ရှိမှု ပုံစံငယ်၊ ခရီးသွားဖွံ့ဖြိုးမှုဇုန်ပုံစံငယ်၊ အာကာသလေကြောင်းနှင့် အထူးစီးပွားရေးဇုန်ပုံစံငယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဇုန်ပုံစံငယ်၊ Tianjin ဆိပ်ကမ်းပုံစံငယ်နှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့် စီမံကိန်းပုံစံငယ်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ခံ မြို့ပြစီမံကိန်းဌာန ဒုတိယဌာနမှူးက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြတိုက် City Image Projection Hall ၌ Tianjin မြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံကိန်းဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့ပြစီမံကိန်းပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ပြတိုက်တာဝန်ခံက Tianjin မြို့ပြစီမံကိန်း အဆောက်အအုံပုံစံစာအုပ်ကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tianjin မြို့ အီတလီပုံစံရပ်ကွက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် Tianjin အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Xiao Huaiyan ဦးဆောင်သောကွန်ဂရက်မှ တာဝန်ရှိသူများနှင့် နံနက် ၁၁ နာရီခွဲတွင် Tianjin မြို့ပြအစိုးရဧည့်ဂေဟာရှိ Ying Hall ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တရုတ်-မြန်မာ ချစ်ကြည်ရေးတိုးမြှင့် ဆောင်ရွက်ရေးနှင့် မြို့ပြစီမံကိန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် Tianjin အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့အား Banquet Hall ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tianjin မြို့ရှိ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်ဇနီး တိန့်ယင်ချောင်း အထိမ်းအမှတ်ပြတိုက်သို့သွားရောက်ပြီး ချူအင်လိုင်းရုပ်တု မှတ်တမ်းဓာတ်ပုံများ၊ နံရံဆေးရေးပန်းချီများ၊ မှတ်တမ်းစာအုပ်များ၊ ဗီဒီယိုမှတ်တမ်းများ၊ တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် ချူအင်လိုင်းနေအိမ်တို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Da Bei Chan Yuan ဘုရားကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ကျောင်းထိုင်ဆရာတော် Zhi Ru နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံသာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကာ ဆရာတော်နှင့် ဘုရားကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tianjin မြို့မှ မြန်နှုန်းမြင့်ရထားဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၅ နာရီတွင် ပေကျင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း Tianjin မြို့ပြစီမံကိန်း ပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက်ကျင်းပ
သဝဏ်လွှာ (၁)ခု မှတ်တမ်းတင်ခြင်းနှင့် ဥပဒေကြမ်း (၁)ခုအား ရှင်းလင်းဆွေးနွေးခြင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယနေ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၅၆၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ သဝဏ်လွှာ(၁)ခု မှတ်တမ်းတင်ခြင်းနှင့် ဥပဒေကြမ်း(၁)ခုအား ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

သဝဏ်လွှာမှတ်တမ်းတင်ခြင်းကဏ္ဍ၌ နိုင်ငံတော်သမ္မတကပေးပို့သော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဝန်ကြီးများပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်းသည့် သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဖုန်းဇော်ဟန်အား လည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်မောင်းအားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းပြောကြားရာ၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း။

၎င်းစီမံကိန်းများနှင့်စပ်လျဉ်းပြီး မူနှင့်အခြေခံသဘောကို လွှတ်တော်ကိုယ်စားလှယ် (၇၅)ဦးတို့က ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမနေ့ ၇-၂-၂၀၁၂ ရက်မှ ဒသမနေ့ ၁၃-၂-၂၀၁၂ ရက်အထိ ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆွေးနွေးရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်(၉)ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် (၆၆)ဦးတို့က ဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို တင်ပြရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို မှတ်တမ်းတင်ထားရှိရန်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖော်ပြပါရှိခဲ့ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့မှ လွှတ်တော်သို့ မူလတင်သွင်းထားသည့် အမျိုးသားစီမံကိန်း ဥပဒေကြမ်းများအား ဥပဒေတစ်ရပ်ကဲ့သို့ ပုံစံတကျဖြစ်စေရန် ပြန်လည်ပြင်ဆင်သင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့၏ တင်ပြချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ညှိနှိုင်းခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ဦးစွာပြင်ဆင်ရေးဆွဲပေးပို့ခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့၌ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ပါ တင်ပြချက်အတိုင်း လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကိုလည်း ပုံစံတကျ ပြင်ဆင်ရေးဆွဲထားပြီးဖြစ်သည့်အတွက် လွှတ်တော်သို့ ပြန်လည်တင်သွင်းစေမည် ဖြစ်ပါကြောင်း၊ ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေကြမ်းအသစ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ပြင်ဆင်ရာတွင် ဥပဒေကြမ်းပုံစံအရ ပြင်ဆင်မှုသာဖြစ်ပြီး ကျန်ရှိသော ဖော်ပြချက်များမှာ ယခင်ဖြန့်ဝေထားသော ဥပဒေကြမ်းပါအတိုင်းပင်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းပုံစံ ပြင်ဆင်မှုအရ ယခင်ဥပဒေကြမ်းစာအုပ်ပါ အခန်း(၃) မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များသည် နောက်ဆက်တွဲ(၁)အဖြစ် လည်းကောင်း၊ ယခင်နောက်ဆက်တွဲ (၁) နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်များသည် နောက်ဆက်တွဲ(၂)အဖြစ် လည်းကောင်း၊ ယခင် နောက်ဆက်တွဲ(၂) ကဏ္ဍများ၏ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ရည်မှန်းချက်များသည် နောက်ဆက်တွဲ(၃) အဖြစ် လည်းကောင်း ပြင်ဆင်သတ်မှတ်ရန်ဖြစ်ပါကြောင်း။

ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးရာတွင် ဥပဒေကြမ်းပါ အကြောင်းအရာများ ပြောင်းလဲမှုမရှိသည့်အတွက် ယခင် ၇-၂-၂၀၁၂ ရက်မှ ၁၃-၂-၂၀၁၂ ရက်အထိ ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် (၆၆)ဦး၏ ဆွေးနွေးချက်များသည်လည်း ပျက်ပြယ်ခြင်းမရှိဘဲ ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း။

ဆက်လက်၍ ၂၃-၂-၂၀၁၂ ရက်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် အမည်စာရင်းတောင်းခံခဲ့ရာတွင် လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦး အမည်စာရင်းပေးပို့ထားပါကြောင်း၊ ကိုယ်စားလှယ် (၂၈)ဦးအနက် ကိုယ်စားလှယ်(၁၅)ဦး၏ တင်ပြချက်များသည် ပြင်ဆင်ချက်မပါရှိသည့် ဆွေးနွေးချက်များသာဖြစ်သည့်အတွက် မူနှင့်အခြေခံသဘောဆွေးနွေးခြင်းအဖြစ် လွှတ်တော်တွင် ဆက်လက်ဆွေးနွေးနိုင်ရန် ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း။

၎င်းတို့မှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ်၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးခင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၊ လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၊ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်တို့ဖြစ်ပါကြောင်း။

ကျန်ရှိသည့် ကိုယ်စားလှယ်များမှာ ပြင်ဆင်ချက်အဆိုအဖြစ် တင်သွင်းထားသော်လည်း အချို့မှာ ပြုပြင်ရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းတို့မှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင်၊ ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ၊ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ၊ ပြည် မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်နှင့် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးတို့ ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဥပဒေကြမ်းအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းရာတွင် စီမံကိန်းလုပ်ငန်းအလိုက် လျှော့၍ ခွင့်ပြုလိုခြင်း၊ ဆိုင်းငံ့လိုခြင်း၊ ရပ်စဲလိုခြင်းတို့ကို တိကျစွာဖော်ပြရေးသားရန် လိုအပ်ပါကြောင်း၊ ဥပဒေမူကြမ်းကိုပါ စီမံကိန်းလုပ်ငန်းများနှင့် ယှဉ်တွဲပါရှိသော ငွေကြေးကိန်းဂဏန်းများကို ဖော်ပြရန်မလိုဘဲ လုပ်ငန်းပမာဏကို ရာခိုင်နှုန်းအားဖြင့်သော် လည်းကောင်း၊ လုပ်ငန်းတစ်ရပ်တစ်ခုချင်း၏ အမည်ကို ဖော်ပြ၍သော် လည်းကောင်း (ဥပမာ-နောက်ဆက်တွဲ-၂ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလျာထားချက် စာမျက်နှာ (၁၀၀)ပါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၏ လုပ်ငန်းစီမံကိန်းအသစ်များမှ ရွှေလောင်းရေလှောင်တမံ စီမံကိန်းကို ဆိုင်းငံ့ရန်၊ ရပ်စဲရန်၊ လုပ်ငန်း၏ (၅၀)ရာခိုင်နှုန်း လျှော့ရန်စသည်ဖြင့်----) တိကျစွာဖော်ပြပြီး လက်မှတ်ရေးထိုးပေးပို့ရန် ဖြစ်ပါကြောင်း၊ ပြင်ဆင်ချက်အဆိုများ တင်သွင်းရာတွင် ဥပဒေကြမ်း၏ မည်သည့်အစိတ်အပိုင်း (ဥပဒေအပိုင်း၊ နောက်ဆက်တွဲ)တွင် ပါဝင်သည့် အကြောင်းအရာ အချက်အလက်ကိုဖြစ်စေ ပြင်ဆင်ချက်ကို ပြည့်စုံစွာရေးသားပေးပို့ကြရန် ဖြစ်ပါကြောင်း။

ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄)ဦးအနက်မှ ပြုပြင်ရေးသားရန်လိုအပ်သော ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အဆိုများကိုလည်း အထက်ပါလုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ရေးသားတင်သွင်းရန် ဖြစ်ပါကြောင်း၊ ယခင်ပေးပို့ထားသူများ အပါအဝင် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအနေနှင့် နောက်ထပ်တင်သွင်းလိုသူများ အပါအဝင် ၂၉-၂-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေပိုင်း နောက်ဆုံးထားပြီး လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ ပေးပို့ရန်ဖြစ်ကြောင်းကို ထပ်မံအသိပေးလိုပါကြောင်း။

ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းတင်ပြနိုင်ပါကြောင်း၊ ယင်းသို့ ရှင်းလင်းတင်ပြပြီးသည့်အခါ ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများဆွေးနွေးခြင်း ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများကို တင်သွင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အတည်ပြုခြင်းများကို လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပုံစံနှင့် ညီညွတ်စေရန် ဆွေးနွေးအကြံပြုခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များနှင့်အညီ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြန်လည်ပြင်ဆင်ခဲ့ပါကြောင်း။

ဥပဒေပုံစံနှင့်အညီ ပြန်လည်ပြင်ဆင်ထားသည့် ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရကိုယ်စား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများကို လွှတ်တော်ကိုယ်စားလှယ်(၉)ဦးတို့က ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်က မြန်မာနိုင်ငံ၏ ပထဝီအနေအထားသည် ဒေသတစ်ခုနှင့်တစ်ခုအကြား မတူညီကြပါကြောင်း၊ တောင်ပေါ်ဒေသများ၊ ကုန်းမြင့်ဒေသများ၊ မြေပြန့်ဒေသများ၊ ကုန်းတွင်းပိုင်းဒေသများ၊ ကမ်းရိုးတန်းဒေသများ၊ နယ်စပ်ဒေသများ စသည်ဖြင့် ကွဲပြားစုံလင်ပါကြောင်း၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များလည်း မတူညီကြပါကြောင်း၊ ယင်းကြောင့် စီမံကိန်းရေးဆွဲသည့်အခါ ဒေသနှင့်ကိုက်ညီသည်ကို ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတည်ဆောက်ရေး၌ အရေးပါသည့် အခြေခံအဆောက်အအုံများထဲမှ လမ်းကိစ္စကို ပြောရလျှင် ရခိုင်ပြည်နယ်မှ ရသေ့တောင်မြို့နှင့် မြေပုံမြို့များသည် မြေပြန့်၌ တည်ရှိပါကြောင်း၊ သို့သော်လည်း ပြည်ထောင်စုလမ်းဖြစ်သည့် စစ်တွေ-အမ်း ကားလမ်းနှင့် ယနေ့အထိ ချိတ်ဆက်၍မရသေးဘဲ တစ်ပိုင်းတစ်စသာ ရှိပါကြောင်း၊ ယခုအခါ လွှတ်တော်၌ မြန်မာနိုင်ငံတစ်ဝန်း လမ်းကွန်ရက်စနစ်များကို ဆွေးနွေးနေကြပြီဖြစ်ပါကြောင်း၊ သို့သော်လည်း တစ်ကြောင်းတည်းရှိသော လမ်းတစ်ခုသည် ရခိုင်ပြည်နယ်အတွင်း၌ ချိတ်ဆက်မှုမပြီးသေးပါကြောင်း၊ ၂၀၁၂-၂၀၁၃ အမျိုးသားစီမံကိန်း၌ ရသေ့တောင်မြို့နှင့် အနီးရှိမြို့များ ကုန်းလမ်းဆက်သွယ်ရေးကိစ္စ ပါရှိသည်ကို မတွေ့ရပါကြောင်း။

အမျိုးသားစီမံကိန်းဆိုသည်မှာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ စီမံကိန်းများကို ပေါင်းစပ်ထားခြင်းဖြစ်ပါကြောင်း၊ နောင်ဆိုလျှင် တိုးတက်သည့်နိုင်ငံကြီးများကဲ့သို့ ဒေသကြီးတစ်ခုချင်း၏ GDP, GMP များကို စနစ်တကျ တွက်ချက်ပြီး အမျိုးသားဖွံ့ဖြိုးရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသကြီးများ၏ အားသာချက်၊ အားနည်းချက်များကိုကြည့်၍ ဖွံ့ဖြိုးမှုနိမ့်ကျသည့် ဒေသကြီးများကို ဦးစားပေးစီမံကိန်းများ ရေးဆွဲပေးလျှင် များမကြာမီကာလ၌ ဒေသတိုင်းတန်းတူဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီး အကျိုးရှိလာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက အမျိုးသားစီမံကိန်းဥပဒေမူကြမ်းတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းသစ်များ ပြုပြင်ထိန်းသိမ်းခြင်းခေါင်းစဉ်ဖြင့် ငွေကျပ်(၁၁၁ ဒသမ ၅၄၈)သန်း လျာထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လမ်းသစ်များပြုပြင်ထိန်းသိမ်းခြင်းသည် မဖြစ်သင့်သောစီမံကိန်းဖြစ်ပါကြောင်း၊ လမ်းများကို ယခု ဖောက်လုပ်၊ ယခုပျက်ဆိုသည့် သဘောသက်ရောက်နေပါကြောင်း၊ ထို့ကြောင့် ၎င်းစီမံကိန်းလျာထားချက်အား ပယ်ဖျက်သင့်ပါကြောင်း။

အမျိုးသားစီမံကိန်းဥပဒေမူကြမ်းပါ အခြားဟူသော ခေါင်းစဉ်အောက်တွင် စိမ်းလန်းစိုပြည်ရေး (၂ ဒသမ ၅)သန်း ဖော်ပြထားပါကြောင်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်း ဆောင်ရွက်ပါကြောင်း၊ ဒေသအာဏာပိုင်များကလည်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိကျသော ခေါင်းစဉ်ဖြင့် ဥပမာ - ဝန်ကြီးရုံး စိမ်းလန်းစိုပြည်ရေး၊ သင်တန်းကျောင်းများ စိမ်းလန်းစိုပြည်ရေးစသည်ဖြင့် ဖော်ပြ၍ ဆောင်ရွက်သင့်ပါကြောင်း၊ သို့မဟုတ်ပါက အခြားထိရောက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသင့်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ စက်မှုစီမံကိန်းဦးစီးဌာန၏ လုပ်ငန်းစီမံကိန်းများမှ ဆောင်ရွက်ဆဲစီမံကိန်းများဖြစ်သော မြင်းခြံ(နဘူးအိုင်) စက်မှုဇုန်စီမံကိန်းအတွက် လျာထားချက်များကို ပြန်လည်ဆန်းစစ်ရန်နှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၌ပါဝင်သော စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)၏ ယနေ့လက်ရှိ စမ်းသပ်လည်ပတ်နေဆဲ လုပ်ငန်းအခြေအနေ၊ အမှတ်(၁)အထွေထွေအကြီးစားစက်မှုလုပ်ငန်း၏ လုပ်ငန်းစီမံကိန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများနှင့် ဖြည့်စွက်လုပ်ငန်းများတွင် အရင်းအနှီးများပြားနေမှုနှင့် လုပ်ငန်းအခက်အခဲအခြေအနေများ၊ အမှတ်(၂) အထွေထွေအကြီးစား စက်မှုလုပ်ငန်း၏ လုပ်ငန်းများ၊ ဖြည့်စွက်လုပ်ငန်းများတွင် တင်ပြစရိတ်များ အကုန်အကျများနေမှု အခြေအနေတို့ကို စိစစ်သုံးသပ်ရန်တို့ပင် ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းများကို လွှတ်တော်ကိုယ်စားလှယ်များစိစစ်နိုင်ရန် အချိန်ရရှိမှု အလွန်နည်းပါးပါကြောင်း၊ အချိန်ယူစိစစ်ရမည့် စီမံကိန်းများအားလုံးကို ယခုနှစ် အမျိုးသားစီမံကိန်း၌ မထည့်သေးခြင်းသည် အကောင်းဆုံး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့၏ စီမံကိန်းအသစ်များသည် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းမှုမသေချာသေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးဘဝ မလုံလောက်မှုထက် အရေးမကြီးသေးခြင်း၊ ဒီမိုကရေစီနိုင်ငံသစ်၏ ပထမအစ ခြေလှမ်းဖြစ်သော ဘတ်ဂျက်အတွက် ကောင်းစွာစိစစ်ရန်လိုခြင်း စသည့်အချက်များအပေါ် မူတည်၍ ယခုနှစ်အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ကို မှန်ကန်သောငွေကြေးမူဝါဒများ၊ မှန်ကန်သောဘဏ္ဍာရေးမူဝါဒများနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ ကောင်းမွန်မှန်ကန်သည့် စီမံကိန်းနှင့်ဘတ်ဂျက် ဖြစ်ပေါ်နိုင်စေရေးတို့ကို ရှေးရှုပြီး နိုင်ငံတော်အတွက် မသေချာမရေရာသေးသည့် စီမံကိန်းသစ်များကို ယခုနှစ်စီမံကိန်း၌ ထည့်သွင်းရေးဆွဲရန် မသင့်သေးပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်း ငွေကျပ်သန်းပေါင်း(၁၆၉၉၀၁ ဒသမ ၀၃၆)ရင်းနှီးမြှုပ်နှံရန် လျာထားသည်ကို သိရပါကြောင်း၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ဘိလပ်မြေစက်ရုံများ၊ မှန်စက်ရုံစီမံကိန်းများနှင့် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းအောက်ရှိ စက္ကူစက်ရုံ၊ ပျော့ဖတ်စက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှု၊ အမှန်တကယ် ထုတ်လုပ်နိုင်မှုနှင့်အရှုံးအမြတ်တို့ကိုမူတည်၍ စိစစ်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများမှ ဆောင်ရွက်နေသော ဈေးကွက်စီးပွားရေးစနစ်နှင့် မကိုက်ညီသည့် ခေတ်နောက်ပြန်လှည့်မည့်စီမံကိန်းများ၊ တိုင်းပြည်၏ဘဏ္ဍာငွေကို ဆုံးရှုံးစေသည့်စီမံကိန်းများနှင့် လုပ်ငန်းများကို ပြန်လည်စိစစ်ပြီး ဖြတ်တောက်သင့်သည်များ ဖြတ်တောက်ရန်၊ ရပ်စဲသင့်သည်များ ရပ်စဲရန် အကြံပြုလိုပါကြောင်း၊ ယခုကဲ့သို့ ဘတ်ဂျက်ဖြတ်တောက်ရန် အကြံပေးတင်ပြရခြင်း အကြောင်းအရင်းမှာ ဝန်ထမ်းများလစာတိုးနိုင်ရန်၊ အလဟဿ ဆုံးရှုံးမှုမဖြစ်အောင် အချိန်ယူပြန်လည်လေ့လာတိုင်းတာတွက်ချက်နိုင်ရန်၊ နိုင်ငံ့စီးပွားရေး တိုးတက်လာရန်တို့အတွက် ဖြစ်ပါကြောင်း။ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

စာမျက်နှာ ၄ မှ

နိုင်ငံပိုင် အလုပ်ရုံ၊ စက်ရုံများကို ပုဂ္ဂလိကသို့ရောင်းချပေးခြင်း၊ ပုဂ္ဂလိကနှင့် အစိုးရ ဖက်စပ်လုပ်ခြင်း၊ အစိုးရပိုင် စက်ရုံ၊ အလုပ်ရုံများကို အမြတ်အစွန်းရရန် လုပ်ဆောင်ပြီး စတော့ရှယ်ယာဈေးကွက်ဖွင့်၍ အစုရှယ်ယာများရောင်းချခြင်းဖြင့် အများပိုင် သို့မဟုတ် ကုမ္ပဏီပိုင်များ ဖြစ်လာမည်ဖြစ်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦးက ဆင်းရဲမှုလျှော့နည်းရေး ဆောင်ရွက်ရာတွင် စီးပွားရေးသက်သက်ဆောင်ရွက်မှုထက် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို ပေါင်းစည်းဆောင်ရွက်မှသာ ပိုမိုထိရောက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ဆင်းရဲမှုလျှော့နည်းရေးအတွက် အထူးအလေးပေးဆောင်ရွက်ရန်နှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုအတွက် သီးခြားရန်ပုံငွေထားရှိရန်နှင့် အခြားဘက်သို့ ပြောင်းရွှေ့သုံးစွဲခြင်းမှ ရှောင်ရှားသင့်ပါကြောင်း၊ ပြည်သူများကျန်းမာရေးကို ပိုမိုအကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးလက်ဒေသကို အခြေခံပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာ ဆောင်ရွက်သင့်ပါကြောင်း၊ ကျောင်းသူ ကျောင်းသားများအပါအဝင် လူငယ်လူရွယ်တို့၏ ကြံ့ခိုင်ကျန်းမာရေးကို ဖွံ့စည်းပုံတိုးချဲ့ဖွဲ့စည်းပြီး ဆောင်ရွက်သင့်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၏ ဥပဒေပါ ရည်မှန်းချက်များတွင် ထောင်စုနှစ်ရည်မှန်းချက်ကိန်းဂဏန်းများ၊ မိခင်၊ မွေးကင်းစ၊ ကလေးများ၊ ငှက်ဖျား၊ တီဘီ၊ ခုခံအားကျဆင်းမှုရောဂါများနှင့် ပတ်သက်သော ကိန်းဂဏန်းများကို တိကျစွာ ဖော်ပြရန် လိုအပ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို အကြံပြု ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က တစ်မျိုးသားလုံး ပြည်တွင်းအသားတင်ထုတ်လုပ်မှုကို တွက်ချက်ရာတွင် ကိန်းဂဏန်းအနီးစပ်ဆုံး မည်မျှမှန်ကန်မှု ရှိ၊ မရှိ ဆိုသည်မှာ အရေးကြီးပါကြောင်း၊ အနီးစပ်ဆုံးမှန်ကန်မှုမရှိလျှင် ရင်းနှီးမြှုပ်နှံမှုအချိုးလည်း မှန်ကန်မှုရှိမည်မဟုတ်၍ စီမံကိန်းရေးဆွဲခြင်းသည်လည်း မှန်ကန်မှုရှိမည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ပျမ်းမျှနှုန်းကိုကြည့်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုထက် အလွန်နည်းနေသည်ကို တွေ့ရပါကြောင်း၊ ယင်းသို့ ရင်းနှီးမြှုပ်နှံမှုနည်းသည့်ကာလ၌ပင် အချို့သော ဝန်ကြီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာငွေသန်းပေါင်းမြောက်မြားစွာဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းအောင်မြင်မှုမရှိသည်ကို တွေ့ရပါကြောင်း။

ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဝန်ကြီးဌာနအသီးသီးမှ ရေးဆွဲတင်ပြထားသော စီမံကိန်းများတွင် ငွေအရင်းအနှီး သန်းနှင့်ချီပြီး လျာထားမှုအပေါ် ကောင်းမွန်သောရည်ရွယ်ချက်စီမံကိန်းများဖြစ်လင့်ကစား မိမိတို့နိုင်ငံကဲ့သို့ မဖွံ့ဖြိုးသေးသည့် နိုင်ငံအနေဖြင့် အရင်းအနှီးမြောက်မြားစွာဖြင့် အခြားနိုင်ငံများကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်နိုင်သေးသောအချိန်မျိုးတွင် နိုင်ငံအတွက် အကျိုးမပြုနိုင်သေးသည့် စီမံကိန်းလုပ်ငန်းကြီးများကို စိစစ်ပြီး အချို့သောစီမံကိန်းများကို ခေတ္တဆိုင်းငံ့ထားသင့်ပါကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တင်ပြထားသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း အခြေခံသဘောတရားအပေါ် ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ အခွန်အကောက်ပိုမိုရရှိနိုင်ရန်နှင့် ချင်းပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်ကိစ္စနှင့် အကျင့်ပျက် ခြစားမှုတိုက်ဖျက်ရေး ဥပဒေရေးဆွဲရေးကိစ္စများကို စဉ်းစားသုံးသပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက လူထုလိုအပ်ချက်၊ စီးပွားရေးတွက်ခြေကိုက်မှုအပါအဝင် အခြားလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေမည့် အမျိုးသားပို့ဆောင်ရေးမူဝါဒကိုရေးဆွဲ၍ ပို့ဆောင်ရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်သင့်ပါကြောင်း၊ ရထားလုပ်ငန်းတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ဘက်စုံသယ်ယူပို့ဆောင်ရေး ဆောင်ရွက်နိုင်ရန် ကွန်တိန်နာသယ်ယူပို့ဆောင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း၊ ဌာနအလိုက်လိုအပ်နေသော ဝန်ထမ်းများအား အချိန်နှင့်တစ်ပြေးညီဖြည့်တင်း၍ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲတိုးတက်နေစေရေး လေ့ကျင့်ဆောင်ရွက်ပေးသင့်ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် သစ်သားဇလီဖားများနေရာ၌ ကွန်ကရစ်ဇလီဖားများအဖြစ် အစားထိုးလဲလှယ်ပြီး အဆင့်မီရထားလမ်းများဖြစ်ပေါ်လာရေး ဆောင်ရွက်သင့်ပါကြောင်း၊ လူစီးတွဲနှင့် ကုန်တွဲများအား စစ်ဆေးသည့်စနစ်များထားရှိရန်နှင့် လစ်ဟာမှုမရှိစေရေး အစဉ်ကြပ်မတ်ဆောင်ရွက်သွားသင့်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဝန်ထမ်းအင်အားနှင့် မလုံလောက်ပါက ထပ်မံဖြည့်စွက်ခန့်ထားနိုင်ရေး ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားရန်နှင့် ရထားခုတ်မောင်းချိန် (ပြေးဆွဲချိန်များ) လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားသင့်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၌ အကျိုးမဖြစ်ထွန်းနိုင်သော စီမံကိန်းများနှင့် အရေးမကြီးသည့် အသုံးစရိတ်များအား လျှော့ချသင့်သည်ကို လျှော့ချ၍ဖြတ်တောက်သင့်သည်ကို ဖြတ်တောက်ပါက နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးနိုင်သော ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာငွေ အရအသုံးငွေစာရင်းကို ပြန်လည်ရေးဆွဲပေးသင့်ပါကြောင်းဖြင့်ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၃ ၌ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာ၊ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု အတိအလင်းဖော်ပြထားသည့်အတိုင်း ဘာသာ၊ သာသနာတိုင်းကို ကူညီစောင့်ရှောက်သောအားဖြင့် ယခုနှစ် ရသုံးမှန်းခြေငွေစာရင်း၌ ထင်သာမြင်သာဖြစ်အောင် ထည့်သွင်းဖော်ပြသင့်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းအရ သာသနာရေးဝန်ကြီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းကို နောက်ထပ်ငွေတောင်းခံခြင်းမပြုဘဲ ရေးဆွဲပြီးငွေစာရင်းကို ပြန်လည်ပြုပြင်၍ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ သာသနာတော်များနှင့် နတ်ကိုးကွယ်သော ဘာသာများကိုပါ ထည့်သွင်းသင့်ကြောင်းဖြင့် ဆွေးနွေးသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ Dr. Werner Langen နှင့်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ Dr. Werner Langen နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr. Werner Langen နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်ကြသည်။

အလားတူ ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော Mr. Robert GOEBBELS နှင့် Mr. Ivo BELET၊ ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ကြပြီး ဥရောပပါလီမန်နှင့် မြန်မာလွှတ်တော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆက်ဆံလာစေရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပ ပါလီမန်အမတ်နှင့် အာဆီယံကိုယ်စား လှယ်အဖွဲ့ ဥက္ကဋ္ဌ H. E. Dr. Werner Langen နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ H. E. Dr. Werner Langen နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများ ဖြစ်ပေါ်တိုးတက်မှုနှင့် ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးခွင့်များ၊ မဲစာရင်းပြုစုခြင်းနှင့် မဲပေးပုံစနစ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကြည်၊ အတွင်းရေးမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

တအုပ်တပေ လူ့ပိုက်ဆွေ

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ဘရာဇီးလ်နိုင်ငံခြားရေး ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ဘရာဇီးလ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဒုတိယဝန်ကြီး မစ္စစ် မာရီယာ အက်ဒီလျူဇာ ဖွန်တီနဲလ်ရိစ် သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာနည်းပညာ၊ သံ၊ သံမဏိ၊ ကွန်ပျူတာနည်းပညာ လွှဲပြောင်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ အားကစား၊ e- Government ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

လှိုင်းဘွဲ့မြို့နယ် စာကြည့်တိုက်ဆောက်

လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၈

လှိုင်းဘွဲ့မြို့နယ် အောက်ရေပူကျေးရွာတွင် မိုးလင်းကြယ်စင် ကျေးရွာစာကြည့်တိုက် အဆောက်အအုံအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစ၍ ဆောက်လုပ်ခဲ့ပြီး မေလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါအဆောက်အအုံအား နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထု ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၇၈)

ပြည်တွင်းပြည်ပရတနာကုန်သည်များ နှစ်သက်ခံ့မင်စွာ လာရောက်ဝယ်ယူကြဦးမည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး



ဝယ်သူအကြိုက်တွေ့မည့် ပတ္တမြားအရိုင်းတုံး။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ညီညီထွန်း

နေပြည်တော်၏ ရာသီဥတုကား သာသာယာယာရှိလှသည်။ နေ့ပူညချမ်း တပေါင်းလသရမ်း ဆိုသည့်အတိုင်း ညပိုင်းတွင် အချမ်းဓာတ်ရှိနေသေးသော်လည်း နေ့ခင်းပိုင်းတွင် အပူရှိန်ကသိသာလာပေပြီ။ ရာသီဥတုမည်သို့ရှိသည်ဖြစ်စေ မဏိရတနာကျောက်စိမ်းခန်းမဝန်းကျင်တွင်မူ ပူသည်အေးသည် အမှုမထားဘဲ နေ့ရောညပါ မနေမနားလှုပ်ရှားလုပ်ကိုင်နေကြသူများဖြင့် စည်ကားလျက်ရှိသည်။ မကြာမီ ကျင်းပတော့မည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။

မြန်မာ့ကျောက်စိမ်းများကို စနစ်တကျ ခင်းကျင်းပြသထားစဉ်။

အဆိုပါ(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် လာမည့် မတ် ၉ ရက်မှ ၁၈ ရက်အထိ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာများအနက် ကျောက်စိမ်းကို ပြည်တွင်းပြည်ပရတနာကုန်သည်များ အထူးနှစ်ခြိုက်ဝယ်ယူကြသည်။ ပြပွဲများကျင်းပတိုင်း ကျောက်စိမ်းကိုသာ အဓိကထား ဝယ်ယူကြသည်ကို တွေ့ရသည်။ ယခုပြပွဲတွင် ကျောက်စိမ်းများရောင်းချပေးမည့် အစီအစဉ်အား မေးမြန်းကြည့်ရာ ကျောက်စိမ်းလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးဖေခင်က "ယခုပြပွဲမှာ ကျောက်စိမ်း၊ ကျောက်စိမ်းမဟုတ်တဲ့ အခြားတွင်းထွက်များ၊ အင်ကြင်းကျောက်နဲ့ အချောထည်တွေကို ပြသရောင်းချပေးသွားမှာပါ" ဟု ပြောကြားသည်။

ကျောက်စိမ်းများကို ခင်းကျင်းရာတွင် ဖေဖော်ဝါရီ ၂၆ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၁၆၄၃၁ တွဲ၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက်ကျောက် ၁၃၈ တွဲ အင်ကြင်းကျောက် ခြောက်တွဲနှင့် ကျောက်စိမ်းအချောထည် ၅၁ တွဲ စုစုပေါင်း ၁၆၅၃၆ တွဲကို စနစ်တကျခင်းကျင်းပြီးဖြစ်သည်။ ဆက်လက်၍လည်း ခင်းကျင်းလျက်ရှိသည်ကို တွေ့ရသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးလည်း ဖြစ်သူ ဦးဖေခင်က ကျောက်စိမ်းအတွဲများကို မတ် ၆ ရက်မှ ၈ ရက်အထိ ရတနာကုန်သည်များအား ကြည့်ရှုလေ့လာခွင့်ပြုမည်ဖြစ်ပြီး မတ် ၁၁ရက်မှ ၁၅ ရက်အထိ ငါးရက်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ ကျောက်စိမ်းများကို ခင်းကျင်းရာတွင် အရွယ်တူ၊ ပုံစံတူ အစိမ်းရောင်သေတ္တာများဖြင့် စနစ်တကျ ထည့်သွင်းခင်းကျင်းထားပြီး ကျောက်စိမ်းအတွဲများတွင် ထွက်ရှိရာဒေသကိုလည်း ဝယ်ယူသူများ သိရှိနိုင်အောင် ဖော်ပြပေးထားသည်ကို တွေ့ရသည်။ ပြသရောင်းချပေးမည့် ကျောက်စိမ်း အချောထည်များမှာ လက်ကောက်၊ ပုတီးစေ့၊ လက်စွပ်၊ ဝါရှာပြားနှင့် လွှာချပ်များဖြစ်သည်။ အချောထည် အတွဲပေါင်း ၅၁ တွဲတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ၃၁ တွဲပါဝင်ကြောင်း သိရှိရသည်။

ကျောက်မျက်ရတနာများ ပြသရောင်းချရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ကျောက်မျက်လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးဝင်းသန်းတင်က ယခုပြပွဲတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၇၈ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ၄၉ တွဲ စုစုပေါင်း ၂၂၇ တွဲ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ကျောက်မျက်လက်ဝတ်ရတနာ အချောထည် ၁၃ တွဲကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

"ပြသရောင်းချမယ့် ကျောက်မျက်ရတနာတွေကတော့ မိုးကုတ်မြို့ကထွက်တဲ့ ပတ္တမြား၊ နီလာ၊ သလင်းနဲ့ ရောင်စုံကျောက်များ၊ မိုင်းရှူးပတ္တမြားရိုင်းတို့ဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာတွေနဲ့ တန်ဆာဆင်ထားတဲ့ ဆွဲကြိုး၊ လက်စွပ်စတဲ့လက်ဝတ်ရတနာတွေကိုလည်း ရတနာကုန်သည်တွေ နှစ်သက်သဘောကျကြမှာပါ" ဟု ဦးဝင်းသန်းတင်က ဆက်လက်ပြောကြားသည်။ ကျောက်မျက်ရတနာများကို မတ် ၁၀ ရက်တွင် တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် တစ်ရက်တည်းအပြီး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးတွင် ယခင်ပြပွဲများနည်းတူ မြန်မာ့ပုလဲများကိုလည်း ပြသရောင်းချပေးဦးမည်ဖြစ်သည်။ ပုလဲများရောင်းချပေးမည့်အစီအစဉ်ကို မေးမြန်းကြည့်ရာ "ဒီပွဲမှာ ပုလဲအတွဲပေါင်း ၂၁၁ တွဲ ပြသရောင်းချမှာပါ။ အိတ်ဖွင့်တင်ဒါစနစ်နဲ့ အတွဲ ၁၉၀ နဲ့ ဈေးပြိုင်စနစ်နဲ့ ၂၁ တွဲပါ။ လုံးရေအားဖြင့် စုစုပေါင်း ၃၁၅၂၅ လုံးပါ။ အလေးချိန်နဲ့ ပြောရရင်တော့ ၁၇၂၉၈ ဒသမ ၀၅ မိုမီရှိပါတယ်" ဟု ပုလဲလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်လွင်က ပြောကြားသည်။ တစ်မိုမီ (Momme) လျှင် ဂရမ်အားဖြင့် ၃ ဒသမ ၇၅ ဂရမ်၊ ရတီအားဖြင့် ၂၀ ဒသမ ၆၂၅ ရတီနှင့် ကရက်အားဖြင့် ၁၈ ဒသမ ၇၅ ကရက်ရှိသည်။

ပုလဲအတွဲများအား ရောင်းချပေးရာတွင် မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် တင်ဒါစနစ်ဖြင့်လည်းကောင်း၊ မတ် ၁၀ရက်တွင် ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ပြသရောင်းချပေးသွားမည်ဖြစ်သည်ဟု မေးမြန်းသိရှိရသည်။

ပြပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးကလည်း ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေး၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၊ ပြပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ရတနာကုန်သည်များ ဝင်/ထွက်ခွင့် ရရှိရေး၊ ပြပွဲကာလအတွင်း နေရာထိုင်ခင်းနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး၊ တည်းခိုနေထိုင် စားသောက်မှုနှင့် သွားလာမှု လွယ်ကူ အဆင်ပြေစေရေး စသည်တို့အတွက် သူ့နေရာနှင့်သူ အားကြိုးမာန်တက် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

အထူးရောင်းချပွဲသို့ တက်ရောက်နိုင်ရန်အတွက် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ရတနာကုန်သည် ၅၉၃၀၀ တို့ထံ ဖိတ်ကြားစာများ ပေးပို့ထားပြီး ပြည်တွင်းမှ ရတနာကုန်သည်များ တက်ရောက်နိုင်ရန်အတွက်လည်း နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာများထည့်သွင်း၍ ဖိတ်ကြားထားပြီးဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများသည်ကား နိုင်ငံတော်အတွက် ဘဏ္ဍာငွေ ရှာဖွေပေးရုံသာမက ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ရတနာကုန်သည်များအတွက်လည်း အကျိုးအမြတ်များစွာ ရရှိစေလျက်ရှိသည်။ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို အကြမ်းထည်အတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြှင့် အချောထည်များ ပြုလုပ်ရောင်းချပါက ဈေးပိုမိုရရှိမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ကျောက်မျက်ရတနာများကို အကြမ်းထည်အတိုင်း ပြသရောင်းချပေးခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်များကို ပြသရောင်းချပေးခဲ့ရာ ရတနာကုန်သည်များ နှစ်သက်သဘောကျစွာဖြင့် ဝယ်ယူခဲ့ကြသည်။ ယခုပြပွဲကြီးတွင်လည်း တန်ဖိုးမြှင့် လက်ဝတ်ရတနာ အချောထည်များကို ပြသရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူးဖြစ်သူ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက နိုင်ငံတော်အနေဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာတန်ဖိုးမြှင့် အချောထည်များ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့၌ One Stop Service Center တည်ထောင်ပေးထားပြီး အောင်မြင်မှုများရရှိလျက်ရှိနေကြောင်း၊ ထို့အတူ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင်လည်း အဆိုပါ Center များ တည်ဆောက်ပေးနေပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အလားတူ မန္တလေးမြို့အနီးရှိ စစ်ကိုင်းမြို့တွင်လည်း ကျောက်စိမ်းအချောထည် အရောင်းဆိုင်ခန်းပေါင်း ၁၃၀ ဖွင့်လှစ်ရောင်းချပေးနေပြီဖြစ်ပြီး အချောထည်လုပ်ငန်းအောင်မြင်မှုကြောင့် နောက်ထပ်ဆိုင်ခန်း ၂၀၀ ခန့် ထပ်မံတိုးချဲ့ရဦးမည်ဖြစ်ကြောင်း သတင်းစကားကြားသိရသည်။ အဆိုပါ စစ်ကိုင်းမြို့တွင် ၁၉၈၅ ခုနှစ်ခန့်ကတည်းက ကျောက်စိမ်းပုတီးလုပ်ငန်း စတင်ပေါ်ပေါက်ခဲ့ပြီး ယခုအခါတွင် စစ်ကိုင်းမြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာ ၃၄ ရွာတို့၌ အလုပ်ရုံပေါင်း ၅၀၀၀ ကျော်၊ လုပ်သားအင်အား ၅၀၀၀၀ ကျော်တို့ဖြင့် ကျောက်စိမ်း၊ မြစ်ဆုံကျောက်နှင့် အလှဆင်ကျောက်များဖြင့် ပုတီး၊ ပန်းပုနှင့် ရုပ်တုရုပ်ထွင်းများကို ထုလုပ်လျက်ရှိသည်။ ထွက်ရှိလာသည့် အချောထည်များကို မန္တလေးမြို့ရှိ One Stop Service Center မှတစ်ဆင့် တရုတ်နိုင်ငံသို့လည်းကောင်း၊ ပြည်တွင်း လေဆိပ်နှင့် သင်္ဘောဆိပ်ကမ်းများရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့လည်းကောင်း တင်ပို့ရောင်းချပေးခဲ့သည်။ ယနေ့အချိန်တွင် ပြည်ပခရီးသွားများအနေဖြင့် စစ်ကိုင်းမြို့သို့ ဘုရားဖူးလာရုံမျှသာမက ကျောက်စိမ်းအချောထည်လုပ်ငန်းနှင့် ငွေထည်လုပ်ငန်းများကိုလည်း လာရောက်လေ့လာဝယ်ယူလျက်ရှိပေပြီ။

ရန်ကုန်မြို့တွင်လည်း ပြည်ပရတနာကုန်သည်များအကြိုက် နိုင်ငံတကာအဆင့်မီ လက်ဝတ်ရတနာဆိုင်ကြီးများ တစ်စထက်တစ်စ တိုးတက်လာသည်ကို တွေ့ရသည်။ ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ May & Mark၊ She Shine၊ The Rich Gems၊ Time & Treaxure၊ S.P Gems & Jewellary၊ OK Gems၊ Treasure Gems၊ Taung Gyi Gems နှင့် MK Gems စသည့် လက်ဝတ်ရတနာအရောင်းဆိုင်ကြီးများက နိုင်ငံခြားသားများ စိတ်တိုင်းကျစေမည့် မြန်မာ့လက်ဝတ်ရတနာများကို ပြုလုပ်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

မဏိရတနာကျောက်စိမ်းခန်းမကြီး၌ မကြာမီ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးတွင်လည်း ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကိုသာမက နိုင်ငံတကာအဆင့် အတန်းမီထုတ်လုပ်ထားသည့် ကျောက်စိမ်းနှင့် ကျောက်မျက် လက်ဝတ်ရတနာ အချောထည်များကိုလည်း ပြသရောင်းချပေးမည်ဖြစ်သည်။ သို့ဖြစ်ရာ အောင်မြင်မှုရရှိနေပြီဖြစ်သည့် တန်ဖိုးမြှင့်ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည် လုပ်ငန်းကို ပိုမိုအားပေးမြှင့်တင်ပေးနိုင်ပေတော့မည်။ ထို့အတူ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲနှင့် ရတနာအချောထည်များကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ သဘောကျနှစ်ခြိုက်စွာဖြင့် စိတ်တိုင်းကျဝယ်ယူနိုင်မည့် ပြပွဲကြီး ဖြစ်လာမည်မှာလည်း မလွဲဧကန်ပင် ဖြစ်ပေတော့သည်။ ။

ယာဉ်တန်းများ လိုက်နာရမည့်စည်းကမ်းများ

(၁) ယာဉ်တန်းတစ်တန်းလျှင် စုစုပေါင်း(၁၀)စီးထက် မပိုရ။
(၂) ပိုလျှင် နောက်ထပ်ယာဉ်တန်းဖွဲ့၍ အချိန်ခြားပြီးသွားပါ။
(၃) ရှေ့ဆုံးယာဉ်၌ အနီရောင်၊ နောက်ဆုံးယာဉ်၌ အပြာရောင်အလံကို ယာဉ်မောင်းခန်းလက်ဝဲပြင်ပတွင် မြင်သာအောင်ထောင်ထားရမည်။
(၄) ယာဉ်တန်းတိုင်း ကြီးကြပ်ကွပ်ကဲသူပါရှိရမည်။ ၎င်းသည် တာဝန်ခံ ဖြစ်သည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အင်းစိန်မြို့နယ် (၁၀)မိုင်ကုန်း၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

စာပေမြတ်နိုးသူများ၏ ပထမအကြိမ် စာပေဟောပြောပွဲကို အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင်ကုန်း အမက(၇)ကျောင်းဝင်း၌ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီက ကျင်းပသည်။ စာပေဟောပြောပွဲ၌ စာရေးဆရာ ဆရာဦးအောင်သင်း၊ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့က (၁၀)မိုင်မြေမှ စာပေချစ်သူများ၊ စာပေမြတ်နိုးသူများကို စာပေရေးရာများ ဟောပြောခဲ့ကြောင်း သိရသည်။ (၆၈၄)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များစာရင်း ပေးပို့ရန်နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အား ပြောင်းလဲဖွဲ့စည်းရန်အတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ် အရေးပေါ်ညီလာခံကို မတ် ၂၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ယင်းအတွက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအနေဖြင့် ပဥ္စမအကြိမ် အရေးပေါ်ညီလာခံသို့ တက်ရောက်မည့် ညီလာခံကိုယ်စားလှယ်များ အမည်စာရင်းကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၅၂၉) စာပေဗိမာန်(ဒုတိယထပ်) ကျောက်တံတားမြို့နယ် ဖုန်း-၂၅၂၄၁၇၊ ၃၈၅၂၇၃ရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးအဖွဲ့မှူးထံ စာဖြင့်ဖြစ်စေ၊ ကြေးနန်း(သို့မဟုတ်) တယ်လီဖုန်းဖြင့်ဖြစ်စေ မတ် ၂၀ ရက် နောက်ဆုံးထား၍ အမြန်ဆက်သွယ်သတင်းပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၉-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၂၀ လျှပ်တစ်ပြက်
၄း၄၀ ရှေးဟောင်းသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄၇)**
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၂၈)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁၀)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-တို့တောရွာမှာလေ (အပိုင်း-၂) (ဇာတ်သိမ်း)
(မိုးခန်း၊ လိုင်သဇင်၊ ဦးဝင်းနိုင်၊ ဗေလုဝနှင့် သရုပ်ဆောင်များ)
[ဒါရိုက်တာ စိန်လင်း(ပုံရိပ်ရွှေမြေ)]
အိုင်စီတီသုတ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငှက်ကလေးရဲ့ကွန်းခိုရာ" (အပိုင်း-၁၅)
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ရှိ ရွှေလီမြစ်ကိုဖြတ်ကျော်တည်ဆောက်ထားသည့် ရွှေလီတံတား(နမ့်ခမ်း)အကျိုးကျေးဇူးကြောင့် မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်အထိ ခရီးပေါက်

တံတားအချက်အလက်များ

၁။ ရွှေလီတံတား(နမ့်ခမ်း)မှာ အပေါ်ထည် သံကူကွန်ကရစ် ဘေလီကြိုးတံတား အမျိုးအစားဖြစ်သည်။

၂။ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူး ပိုင်ဖြင့် တည်ဆောက်ထားသည်။

၃။ စုစုပေါင်းတံတား အရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိသည်။

၄။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၃၆ တန်ဖြစ်သည်။

၅။ ၂၇-၄-၂၀၀၉ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

* ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်လမ်းပေါ်တွင် တည်ရှိသည်။
* ရွှေလီတံတား(နမ့်ခမ်း) ဖွင့်လှစ်နိုင်မှုကြောင့် မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော်လမ်းကွန်ရက်၌ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာသည်။
* ဒေသထွက်ကုန်များ ပိုမိုမြန်ဆန်စွာဖြင့် ပို့ဆောင်ကုန်သွယ်နိုင်၍ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်။
* ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။
* ဤတံတားကြီး တည်ဆောက်ရာတွင် မြန်မာအင်ဂျင်နီယာများ၊ ကျွမ်းကျင်ပညာရှင်များ၏ အတတ်ပညာနှင့် အတွေ့အကြုံများပေါ်တွင် အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

◆ကျောဖုံးမှ

ယင်းနောက် ဒုတိယသမ္မတသည် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း မန်နေဂျင်းဒါရိုက်တာအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် HD-(60) သင်္ဘောဝမ်းဗိုက်အတွင်း ပင်လယ်ပြင်ပိုက်လိုင်း သွယ်တန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ပင်လယ်ပြင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှုနှင့် ကုန်းတွင်းပိုင်းရေနံပိုက်လိုင်း သွယ်တန်းပြီးစီးမှုတို့ကို ရဟတ်ယာဉ်ပေါ်မှ လှည့်လည်ကြည့်ရှုကာ မဒဲကျွန်းသို့ ရောက်ရှိကြသည်။

မဒဲကျွန်းစီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယသမ္မတအား China National Petroleum Corporation(CNPC) ၏ ရုံးခွဲ South East Asia Pipeline Co., Ltd. ဥက္ကဋ္ဌ Mr. Zhang Jialin က ကုန်းတွင်းရေနံပိုက်လိုင်း သွယ်တန်းပြီးစီးမှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ပင်လယ်ပြင်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်း၊ မြန်မာနိုင်ငံအတွင်း ကုန်းတွင်းပိုင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံစိမ်းပိုက်လိုင်း သွယ်တန်းမှုလုပ်ငန်းနှင့် တရုတ်နိုင်ငံအတွင်း ကုန်းတွင်းပိုင်း သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်း သုံးပိုင်းစလုံး သတ်မှတ်ချိန်အတိုင်း တစ်ပြိုင်တည်း ပြီးစီးနိုင်ရေး၊ လုပ်ငန်းနှင့် ဆက်စပ်ဒေသများရှိ ဒေသခံလူထုအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအစရှိသည့် လူမှုစီးပွားဆောင်ရွက်မှုများအပြင် လူမှုရေးဆိုင်ရာ စောင့်ရှောက်ကာကွယ်မှုပေးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိပိုက်ခင်းခြင်းလုပ်ငန်းများ ပြီးစီးပြီး ပုံမှန်လုပ်ငန်းများ ဆောင်ရွက်ချိန်၌ လုပ်ငန်းများအလိုက် ဒေသခံလူထုများကို အလုပ်အကိုင် ခန့်ထားပေးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေနံသိုလှောင်ကန် တည်ဆောက်နေမှု၊ ဆိပ်ခံတံတား တည်ဆောက်နေမှု၊ ကုန်းတွင်းပိုင်း ရေနံစိမ်းပိုက်လိုင်းသွယ်တန်းနေမှုနှင့် မဒဲကျွန်းစီမံကိန်းနှင့် ဒေသကျေးရွာများသို့ ရေချိုပေးဝေမည့် ရေလှောင်ကန် တည်ဆောက်မှုတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး၊ ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူး၊ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးနှင့် မာန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က မိမိတို့ ခရိုင်နှင့် မြို့နယ်များအတွင်း ဒေသအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့မိ မြို့ဖများဖြစ်ကြသည့် ကျောက်ဖြူမြို့နယ်မှ ဦးညီလှိုင်၊ ဦးထွန်းဖေနှင့် ရမ်းဗြဲမြို့နယ်မှ ဦးလှထွန်းဖြူတို့က ဒေသအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ဦးလှမောင်တင်က လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး က ဒေသ၏ လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် မိမိတို့အဖွဲ့သည် ရခိုင်ပြည်နယ်တောင်ပိုင်းသို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ လာရောက်ရသည့် ရည်ရွယ်ချက် နှစ်ချက်ရှိပါကြောင်း။

ပထမအချက်အနေဖြင့် ကျောက်ဖြူမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ကုန်းတွင်း ရေနံစိမ်းပိုက်လိုင်း သွယ်တန်းနေမှု အခြေအနေများ၊ အဆိုပါလုပ်ငန်းမှ ဒေသခံပြည်သူများအတွက် လူမှုစီးပွားရေး ဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှု၍ လိုအပ်ချက်များ ညှိနှိုင်းပေးရန် ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း။

ဒေသ၏ အစီရင်ခံတင်ပြချက်များနှင့် ပတ်သက်၍ ဆွေးနွေးရပါက ကျောက်ဖြူဒေသသည် ဒေသဝမ်းစာဖူလုံမှု မရှိသေးသဖြင့် ဖူလုံစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း ဖြစ်ထွန်းနိုင်မည့် ရော်ဘာစိုက်ပျိုးရေးကို ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ သာမန်စိုက်ပျိုးမှုသည် မိမိစားသုံးရန်အတွက် ဝင်ငွေရရှိနိုင်ရုံသာဖြစ်၍ ရေရှည်ဝင်ငွေတိုးတက်ရေးအတွက်မှာမူ စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန် လိုအပ်ပါကြောင်း၊ ရော်ဘာသည် စက်မှုကုန်ကြမ်းတစ်ခုဖြစ်ပြီး စက်မှုလုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ရာ ရော်ဘာစိုက်ပျိုးရေးကို ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ထို့အပြင် ဒေသလိုက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် စာရင်းဇယားများ မှန်ကန်ရန် လိုအပ်ပါကြောင်း၊ စာရင်းဇယားများ မှန်ကန်ရေးအတွက်ကို အလေးထားဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ဒုတိယအနေဖြင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများမှ တင်ပြသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို အတူလိုက်ပါလာသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ရခိုင်ပြည်နယ်လျှပ်စစ်မီး မဟာဓာတ်အားလိုင်း ရရှိရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းအတွက် ကြီးအုံကြီးဝရေအားလျှပ်စစ်ဒေသမှတစ်ဆင့် အမ်း၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေသို့လည်းကောင်း၊ ပန်းတောင်းမြို့နယ် ဥဿျစ်ပင်မဟာဓာတ်အားလိုင်းမှတစ်ဆင့် တောင်ကုတ်၊ သံတွဲ၊ မအီ၊ ကျောက်ဖြူ ရမ်းဗြဲဒေသသို့ လည်းကောင်း လျှပ်စစ်မီး သွယ်တန်းဆောင်ရွက်ပေးမည့်အပြင် လာမည့် ၂၀၁၃-၂၀၁၄ တွင် ကျန်ရှိသည့် မြို့နယ်များသို့ ဆက်လက်ဆောင်ရွက်ပေးရန် စီမံဆောင်ရွက်မှု အခြေအနေများ၊ အဆိုပါလုပ်ငန်းအတွက် ဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆောင်ရွက်နေသော CNPC ကုမ္ပဏီအပါအဝင် ကုမ္ပဏီများက ကျောက်ဖြူ ရမ်းဗြဲဒေသ လျှပ်စစ်မီးသွယ်တန်းရန် လျှပ်စစ်မီးကြိုးနှင့် ဓာတ်အားခွဲရုံများအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းလှူဒါန်းမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ တတိယအချက်အနေဖြင့် နိုင်ငံတော်အစိုးရ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင်တာဝန်ယူခဲ့စဉ် နိုင်ငံတော်သမ္မတက လွှတ်တော်အခြေပြမိန့်ခွန်း၌ ပြောကြားခဲ့သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု အခြေအနေများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဒေသခံလူထုများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်တောင်ပိုင်း လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းတွင် ကျောက်ဖြူ-ရမ်းဗြဲဒေသ၌ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ရန်အတွက် CNPC ကုမ္ပဏီ၌ အမေရိကန်ဒေါ်လာ ၁၀ သန်းကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကျောက်ဖြူဒေသ ဖွံ့ဖြိုးရေးအတွက် ဆိပ်ခံတံတားနှင့် လမ်းများပြုပြင်ရန် ဒေဝူးကုမ္ပဏီက (5 . 5 Million US Dollars) ကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာ မီးဘေးသင့် အိမ်ထောင်စု ၁၀၄ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းနှင့် မီးဘေးသင့်နေရာတွင် လိုအပ်သည်များ အသုံးပြုရန် အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများအတွက် Sky Net ရုပ်သံဖမ်းစက်နှစ်စုံစီနှင့် ကျောက်ဖြူပညာရေးကောလိပ်အတွက် Sky Net ရုပ်သံဖမ်းစက်တစ်စုံ စုစုပေါင်း Sky Net ခုနစ်စုံကိုလည်းကောင်း လိုက်ပါလာသည့် လုပ်ငန်းရှင်များက ပေးအပ်လှူဒါန်းကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း DAEWOO ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၂၈၁၀၀၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းထားသည့် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၊ အမေရိကန်ဒေါ်လာ ၁၄၃၀၀၀ တန်ဖိုးရှိ FG WILSON 1000 KVA အမျိုးအစား မီးစက်၊ CNPC ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၆၈၄၂၄၀ ဒသမ ၉၆ ဒေါ်လာ အကုန်အကျခံ၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အတွင်း၌ တည်ဆောက်လှူဒါန်းသည့် ပေ ၂၀၀ × ပေ ၃၀ × ၂၄ ပေ နှစ်ထပ် စာသင်ဆောင်နှင့် ပေ ၅၀ × ပေ ၃၀ × ၂၄ ပေ တစ်ထပ်စာသင်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ လူမှုစီးပွားအထောက်အကူပြု လုပ်ငန်းများအဖြစ် ကျောက်ဖြူဒေသတွင် နှစ်ထပ်ကျောင်းဆောင်နှစ်ခု၊ တစ်ထပ်ကျောင်းဆောင်ရှစ်ခု၊ ကျောင်းပြုပြင်မွမ်းမံခြင်း နှစ်ခုနှင့် လမ်းတံတားများပြုပြင်ခြင်းတို့ကို လည်းကောင်း၊ DAEWOO ကုမ္ပဏီသည် ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လျှပ်စစ်ရရှိရေးနှင့် သဘာဝဘေးကယ်ဆယ်ရေး လုပ်ငန်းများအတွက် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ သန်း သုံးစွဲ၍လည်းကောင်း၊ CNPC ကုမ္ပဏီသည် ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် ပညာရေး၊ ကျန်းမာရေးအတွက် အမေရိကန်ဒေါ်လာခြောက်သန်းလှူဒါန်း၍ လည်းကောင်း လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် SEAOP နှင့် SEAGP ကုမ္ပဏီများက နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်သန်းစီ သုံးစွဲ၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် သံတွဲမြို့သို့ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် သံတွဲမြို့ ဒွါရာဝတီမြို့မဈေး မီးလောင်ကျွမ်းခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးဘေးသင့် ဈေးသည်ဈေးသားများအား ဒွါရာဝတီခန်းမ၌ တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဒွါရာဝတီ ယာယီကုန်ခြောက်ဈေးတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဈေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းဝင်တစ်ခု ဖြစ်သည့် ပင်လယ်ပြင် ပိုက်လိုင်း သွယ်တန်းနေသော ဟွန်ဒိုင်း HD(60) ပိုက်လိုင်းချ သင်္ဘောပေါ်မှ ပင်လယ်ပြင် ပိုက်လိုင်း သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဒဲကျွန်းစီမံကိန်းကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်စောနှင်းသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒေါ်ခင်စောနှင်းက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား စုံစုံညီညီ တွေ့ရသည့်အတွက် ဝမ်းသာမိပါကြောင်း။

ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးအသင်းများ၏ လိုအပ်ချက်များရှိပါက ညှိနှိုင်းဆောင်ရွက်ပေးရန် လာရောက်ရခြင်းဖြစ်ပါကြောင်း။

မိမိတို့ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသည် နိုင်ငံတော်က အားထားရသည့် ခိုင်မာသည့် အဖွဲ့အစည်းများဖြစ်ကြောင်း။

မိမိတို့ အဖွဲ့အစည်းများသည် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနေသည့် အဖွဲ့များဖြစ်ကြောင်း။

အမျိုးသမီးများ၏ ဘဝလုံခြုံရေး အလေးထားဆောင်ရွက်သည့်အဖွဲ့ဖြစ်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် ကာကွယ်တားဆီးရန်လိုကြောင်း။

ဗဟိုမှ ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များကိုလည်း ပြုစုစောင့်ရှောက်ပေးရန် တာဝန်ပေးအပ်ထားကြောင်း၊ ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ထဲထဲဝင်ဝင် ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း။

မိခင်နှင့်ကလေးအသင်းဝင်များသည် တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိသည့် အဖွဲ့၊ အမျိုးသားကောင်း အမျိုးသမီးကောင်းများဖြစ်အောင် ပြုစုပေးနိုင်သည့်အဖွဲ့ဖြစ်ပြီး ကာယအား၊ ဉာဏအား၊ စေတနာအား စိုက်ထုတ်၍ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကာ ဘိုးဘွားများလက်ထက်ကပင် လုပ်လာခဲ့သည့် အဖွဲ့ဖြစ်ကြောင်း။

နိုင်ငံတကာတွင် ထူးချွန်သည့် အမျိုးသမီးများဖြစ်အောင် ကျရာကဏ္ဍမှနေ၍ သမိုင်းပေးတာဝန်အဖြစ် ခံယူကာ လုပ်ဆောင်သွားရန်လိုကြောင်း။

လူမှုရေးလုပ်ငန်းများကို ဝိုင်းဝိုင်းဝန်းဝန်း စုစုစည်းစည်းဖြင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အပြင် တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေသည်ဖြစ်၍ ဂုဏ်ယူစရာဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးအသင်းများ၏ လုပ်ငန်းများကို ရှေ့ဆက်၍ ကြိုးစားလုပ်ကိုင်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနုက ပြည်နယ်အတွင်း အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက မိမိတို့မြို့နယ်အလိုက် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒေါ်ခင်စောနှင်းက ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအသင်းသို့ ငွေကျပ် ၁၀ သိန်းစီကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နုနုစံထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က ကျောက်ဖြူခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် မြို့နယ်မိခင်နှင့်ကလေးအသင်းများသို့ ငွေကျပ်ငါးသိန်းစီကို သက်ဆိုင်ရာအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးအသင်းတို့မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးအသင်းဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဒေါ်ခင်စောနှင်းနှင့် အဖွဲ့သည် ကျောက်ဖြူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၌ ဖွင့်လှစ်ထားသည့် မိခင်နှင့်ကလေး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြပြီး မူလတန်းကြိုကလေးများ ပညာရည်တိုးတက်မှုကို ကြည့်ရှုအားပေးကာ ကလေးငယ်များအား လက်ဆောင်ပစ္စည်းနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ကျောက်ဖြူမြို့နယ် မူကြိုကျောင်းများအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုက ကျောက်ဖြူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းသို့ ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းကာ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စောနှင်း ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအသင်းတို့သို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၉-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

- ၅း၄၀ "ကြားမြင်သူတပြည့်ဝပါစေ" တရားတော် (ဆရာတော် ဓမ္မရေအရှင်ကုမာရ)
- ၈း၅၀ The Shop Around The Corner (Part-32)
- ၉း၁၅ ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် ပွဲတော်ဆံတော်ကြိုစေတီများသို့ လှည့်လည်ပူဇော်ပွဲ(ကော့မှူးမြို့နယ်)
- ၉း၄၅ ဓာတ်ပုံထဲမှအမှတ်တရများ (တေးသံရှင်ငယ်ငယ်)
- ၁၂း၃၀ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများ ဖွင့်ပွဲအခမ်းအနား(နေပြည်တော်)
- ၂း၂၀ အနှိုင်းမဲ့အလှူကုသိုလ်ယူ မိဘရိပ်သီတဂူဓမ္မအလှူ
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၁၅ ရန်ကုန်မြင်ကွင်းကျယ် (Pep Family Photo Contest 2012 ဆုချီးမြှင့်ပွဲအခမ်းအနား ဖိတ်ကြားလွှာ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၇)**
- ၈း၃၀ သက်တံရောင်ကမ္ဘာထဲက TOA Colour World
- ၉း၀၀ Celebrity Style (သဇင်)
- ၉း၂၀ The Shop Around The Corner (Part-33)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၈၄)**
- ၁၀း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၃၁)**
- ၁၁း၃၅ World of Knowledge (Smart Tunnel)
- ၁၂း၂၅ လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
- ၁း၃၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၂း၂၅ England Friendlies Match (England Vs Holland)
- ၄း၄၅ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၉-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

(၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်) (ဥပုသ်နေ့)

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၁၅ "မူဆယ်တစ်ဝန်းဆီ ရွှေဖြူလွှမ်းတော့မည်"
- ၈း၃၀ International News
- ၈း၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၃၀ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၅း၂၀ International Science News
- ၅း၅၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၇း၀၅ လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်
- ၇း၅၀ "ရတနာဝေစည်မြန်မာပြည် လုံခြုံအေးချမ်းအမြန်လမ်း" **-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၃၅) -မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်သူလူဆိုး" (ဟိန်းဝေယံ၊ နဝရတ်) (ဒါရိုက်တာ-နေမင်းမြတ်)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရေနုတ်မြောင်းများတူးဖော်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင် မင်းရွာကျေးရွာရှိ မင်းရွာရေထိန်းတံခါး၊ စစ်တောင်းတူးမြောင်း ရေနုတ်မြောင်း ပြန်လည်တူးဖော်နေမှု၊ မင်းရွာကုက္ကိုလ် ရေနုတ်မြောင်းတူးဖော်နေမှုနှင့် ရစ်ကန်လေးကျေးရွာမှ ကမာစဲကျေးရွာသို့ မြေသားလမ်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေနုတ်မြောင်းများတူးဖော်မှု အမြန်ပြီးစီးမှ လယ်မြေများ ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလားချောင်းကြီးကျေးရွာသို့ ရောက်ရှိပြီး ဝဲပြန်၊ ညောင်ပင်စု၊ ဆယ်ဧက၊ ကုလားချောင်းကြီး၊ အရှေ့တံခွန်တိုင်၊ ခလပ်စု၊ နတ်ရေကန်၊ အောင်တလဲတို့မှ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပြီး အထွက်တိုးစပါးများအား သိပ္ပံနည်းကျစိုက်ပျိုးရန်နှင့် လယ်ယာထုတ်ကုန်တိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား Daimaru Kogyo Ltd. ရန်ကုန်(ရုံးခွဲ)မှ General Manager Mr. Osamu Ikeya နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူလတန်းကြိုကျောင်းပေါင်းစုံ ပဒေသာကပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မူလတန်းကြိုကျောင်းပေါင်းစုံ ပဒေသာကပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မူလတန်းကြိုကျောင်းပေါင်းစုံ ပဒေသာကပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကြို ကျောင်းပေါင်းစုံမှ ကလေးငယ်များက တေးသီချင်း၊ ဖက်ရှင်ရှိုးနှင့် အကပဒေသာများဖြင့် တင်ဆက် ဖြေဖျော်ကြသည်။ ကလေးငယ်များ ဉာဏဖွံ့ဖြိုးမှုကို ဖော်ထုတ်ပြသရန်၊ အချင်းချင်း ချစ်ခင်ရင်းနှီးမှု ရှိစေရန်နှင့် လူမှုဆက်ဆံရေး ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

နေပြည်တော်-မကွေး-နေပြည်တော် ရွှေမန်းသူ ခရီးစဉ်သစ် ပြေးဆွဲလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ ရွှေမန်းသူသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ နေပြည်တော်-မကွေး-နေပြည်တော်ခရီးစဉ်သစ်ကို ဇန်နဝါရီ ၂၈ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်နှင့်မကွေးမြို့တို့မှ နေ့စဉ် ညနေ ၅ နာရီတွင် မော်တော်ယာဉ်သစ်ကြီးများဖြင့် ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေးပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖(၂၇)ကြိမ်မြောက်မှ

လေ့ကျင့်ရေး အထောက်အကူပစ္စည်းများ ပြည့်ပြည့်စုံစုံရရှိရေး၊ ပြိုင်ပွဲကို တရားမျှတစွာ ကျင်းပပေးနိုင်ရေး၊ နိုင်ငံတကာ အသိအမှတ်ပြု ဒိုင်လက်မှတ်ရ ဒိုင်/ဂျူရီများ လုံလုံလောက်လောက် မွေးထုတ်ပေးရေး၊ အရည်အချင်းမီ ဒိုင်/ဂျူရီများ ဖြစ်လာစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်ကြမည့် ဆက်ဆံရေး/လုပ်အားပေးလူငယ်များကို အင်္ဂလိပ်ဘာသာစကားအပြင် လူမှုဆက်ဆံရေး ပြေပြစ်ကျွမ်းကျင်ပြီး မြန်မာလူမျိုးတို့၏ ယဉ်ကျေးဖော်ရွေမှုကို ဖော်ပြနိုင်အောင် သင်ကြားလေ့ကျင့်ပေးရန်၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကို အဆင့်အတန်းမြင့်မြင့် ခေတ်မီနည်းပညာများဖြင့် နိုင်ငံ၏ယဉ်ကျေးမှု၊ ဇာတိမာန်များ ထင်ဟပ်ပြသနိုင်ရေး စီမံထားရန်၊ ပြည်တွင်းပြည်ပ ဧည့်သည်တော်များ ဖိတ်ကြားရေး၊ နေရာချထားရေးအတွက် ယခုကတည်းက ကြိုတင်စီမံထားရန်၊ မှတ်ပုံတင်ခြင်းနှင့် အားကစားပြိုင်ပွဲနည်းစနစ်ဆပ်ကော်မတီအနေဖြင့်လည်း ပြိုင်ပွဲဝင်များ မှတ်ပုံတင်ခြင်း၊ ပွဲစဉ်များရေးဆွဲခြင်း၊ ပြိုင်ပွဲကျင်းပခြင်း၊ နည်းစနစ်ပိုင်းဆိုင်ရာ ဖြေရှင်းပေးခြင်းများ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီအနေဖြင့်လည်း လေဆိပ်မှ အားကစားရွာ၊ အားကစားကွင်း/အားကစားရုံများ လမ်းတစ်လျှောက် ပသာဒရှိစေရေးအပြင် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပမည့် ဇမ္ဗူသီရိကွင်း၊ အားကစားပြိုင်ပွဲ/ဆုချီးမြှင့်ပွဲ ကျင်းပမည့် အားကစားကွင်း/အားကစားရုံများမှ အဆင့်အတန်းမြင့် လှပပြည့်စုံအောင် ပြင်ဆင်ပေးနိုင်ရန် လိုအပ်ပါကြောင်း။

ပြိုင်ပွဲသို့ လာရောက်ကြမည့် ဧည့်သည်တော်များ၊ အုပ်ချုပ်သူ/နည်းပြအားကစားသမားများအားလုံး စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်နိုင်ရေးနှင့် အာဟာရပြည့်ဝ သန့်ရှင်းလတ်ဆတ်စွာ ကျွေးမွေးနိုင်ရေးအတွက် လိုအပ်ချက်များကို တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီအနေဖြင့် ကြိုတင်တွက်ဆစီမံထားရန်၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီအနေဖြင့် သွားလာရေးအဆင်ပြေချောမွေ့စေရေး၊ ယာဉ်အမျိုးအစားအရေအတွက် ရရှိရေးအပြင် ကျွမ်းကျင်ပြီး စည်းကမ်းကောင်းမွန်ယဉ်ကျေးသည့် ယာဉ်မောင်းများရရှိရေး ကြိုတင်စီမံလေ့ကျင့်ထားရန် လိုအပ်သော စက်သုံးဆီရရှိရေး ကြိုတင်တွက်ချက်တင်ပြရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဆပ်ကော်မတီအနေဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ကြိုတင်ကာကွယ်မှု၊ ကုသပေးမှုအပြင် အားကစားတားမြစ်ဆေးဝါးကိစ္စများအတွက် အသေးစိတ်ရေးဆွဲဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

ဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီအနေဖြင့် လိုအပ်သော ဘဏ္ဍာငွေကြေး Sponsor များနှင့် စေတနာရှင်များ၏ အလှူငွေများ ရရှိရေး၊ ဆုတံဆိပ်များ ကြိုတင်ရွေးချယ်သတ်မှတ်ရေး၊ နိုင်ငံအလိုက် နိုင်ငံတော်သီချင်းများရရှိရေးအတွက် ဆောင်ရွက်ထားရန်၊ ပြိုင်ပွဲမတိုင်မီ ပြိုင်ပွဲသတင်းများ၊ ပြိုင်ပွဲကျင်းပနေမှုများကို တိုက်ရိုက်/နောက်ကျသတင်းများအဖြစ် ထုတ်လွှင့်ပေးနိုင်ရေး၊ ပြိုင်ပွဲမှတ်တမ်းများ ပြုစုဖြန့်ဝေနိုင်ရေးတို့အတွက် သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီအနေဖြင့် ကြိုတင်ဆောင်ရွက်ထားရန်၊ ဆက်သွယ်ရေးဆပ်ကော်မတီအနေဖြင့် အားကစားရွာနှင့် ပြိုင်ပွဲကွင်း/ရုံများ၌ IT ဆက်ကြောင်းများ ကြိုတင်တပ်ဆင်ပေးခြင်း၊ ပြိုင်ပွဲကာလအတွင်း မိုဘိုင်းဖုန်းအပါအဝင် တယ်လီဖုန်း၊ အင်တာနက်၊ အီးမေးလ် ဆက်သွယ်မှုများ အဆင်ပြေစေရေးအတွက် ကြိုတင်တွက်ချက်စီမံထားရန်၊ လုံခြုံရေးအစီအမံများ စနစ်တကျရေးဆွဲကာ ခေတ်မီလုံခြုံရေးပစ္စည်းများ အသုံးပြုဆောင်ရွက်နိုင်ရေး ကြိုတင်စီမံလေ့ကျင့်ထားရန်၊ ဒုတိယအကြိမ်နှင့် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် နိုင်ငံအလိုက် ပထမနေရာ ရရှိအောင်မြင်ခဲ့သည့်နည်းတူ ၄၄ နှစ်ကြာမှ ကျင်းပနိုင်သည့်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရေးအတွက် အားကစားအဖွဲ့ချုပ်အသီးသီးတွင် တာဝန်ယူနေကြသည့် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များအနေဖြင့် စိတ်ဓာတ်မြင့်မားအောင် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်၊ အဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများ၏ ကြိုးစားအားထုတ်မှု၊ အောင်မြင်မှုများပေါ်မူတည်ပြီး နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ အောင်ပွဲရ အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ စေတနာရှင်မိဘပြည်သူများ၏ အားပေးထောက်ပံ့လှူဒါန်းမှုများ၊ အကြံဉာဏ်များ အထူးလိုအပ်ပါကြောင်း။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအနေဖြင့် ဂုဏ်သိက္ခာမြင့်မား အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲတိုင်း ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသော ပုဂ္ဂိုလ်အားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ အားကစားကွင်းနှင့် တည်းခိုနေထိုင်ရေး၊ အဆောက်အအုံများ

အားကစားကွင်းနှင့် တည်းခိုနေထိုင်ရေး၊ အဆောက်အအုံများ တည်ဆောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တည်ဆောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆပ်ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုဆက်သွယ်ဆက်ဆံရေး ဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ဆက်သွယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဦးလှထွန်းက ဆပ်ကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ ဆက်သွယ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ လုံခြုံရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်နေလင်းက (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပရေးကိစ္စများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက အားကစားအဖွဲ့ချုပ်အလိုက် စခန်းသွင်းလေ့ကျင့်နေမှုများနှင့် အောင်မြင်မှုရရှိရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကာလအတွင်း အရှေ့တောင်အာရှနိုင်ငံများမှ အားကစားသမားများ၊ အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ မြန်မာနိုင်ငံအတွင်း ဝင်ထွက်ခွင့်ကိစ္စရပ်များနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကျူက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပရေးနှင့် အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခု အားကစားပြိုင်ပွဲကြီးတွင် အားကစားသမားများ၏ စွမ်းရည်ဖြင့် ရိုးသားစွာ ယှဉ်ပြိုင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ အဆင့်မီ ဒိုင်၊ ဂျူရီများနှင့် ပြည်တွင်း ပြည်ပ နည်းပြကောင်းများလည်း လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့ အားကစားသမားများ နိုင်ငံတကာ အတွေ့အကြုံကောင်းများ ရရှိရေးအတွက် ပြည်ပသို့ စေလွှတ်ခြင်း၊ Joint Training များ ပြုလုပ်ခြင်း၊ ဖိတ်ခေါ်ပြိုင်ပွဲများ ပြုလုပ်ခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခင် (၂၆)ကြိမ်မြောက် ပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်(၈)ရရှိခြင်းမှာ အခြားနိုင်ငံ၌ သွားရောက်ယှဉ်ပြိုင်ရသဖြင့် အောင်မြင်မှု နည်းခဲ့သော်လည်း မိမိမြေပေါ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် ပြိုင်ပွဲ၌ အနည်းဆုံး အလယ်အလတ်အဆင့်ထိ အောင်မြင်မှုရရှိရန် လိုအပ်ပါကြောင်း၊ ယင်းသို့ အောင်မြင်မှုများ ရရှိရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးပေးသကဲ့သို့ အားကစားအဖွဲ့ချုပ်များနှင့် အားကစားသမားများကလည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အဆင့်မြင့်မြင့် ဆောင်ရွက်သွားရန်နှင့် ထိုမှအာရှအဆင့်၊ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းသွားကြရမည်၊ မိမိနိုင်ငံ၏ စီမံခန့်ခွဲမှု အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည်ကို ပြသရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ မျက်လုံးပေါင်းများစွာဖြင့် စောင့်ကြည့်နေကြမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ ဖော်ရွေမှု၊ သန့်ရှင်းမှုများကိုပါ ပြသသွားကြရမည်ဖြစ်ကြောင်း၊ အိမ်ရှင်နိုင်ငံ အခွင့်အရေးအား အမိအရယူ၍ မြန်မာ့အားကစားအဆင့် တစ်ခုအထိ မြင့်မားလာအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲကျင်းပရေး ဦးဆောင်ကော်မတီ၊ အားကစားအဖွဲ့ချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဆူးလေဆိပ်ကမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေဆိပ်ကမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အနာဂတ်ဆိပ်ကမ်းတိုးချဲ့ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်မှ ဘဏ္ဍာငွေထုတ်ယူသုံးစွဲခြင်းမပြုဘဲ မိမိဝင်ငွေပေါ်ရပ်တည်ပြီး နိုင်ငံတော်အကျိုးရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ မီးဘေးလုံခြုံရေးစသည်တို့ကို အထူးဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူများ၏အကျိုး အမြဲထာဝစဉ်သယ်ပိုးနိုင်သည့် ဝန်ကြီးဌာနဖြစ်အောင် မိမိမှစ၍ အောက်ခြေဝန်ထမ်းများအထိ အစဉ်နှလုံးသွင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုံသင်္ဘောကျင်းသို့ သွားရောက်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ စီးပွားရေးအဖွဲ့အစည်း လေးခုဖြစ်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့လေကြောင်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့ကို စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်လျှင် Management Team ကို ပြောင်းလဲတာဝန်ပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နောက်ဆုံးမဖြစ်မနေလိုအပ်မှသာ PPP (Public, Private, Partnership) စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော်၏ အဓိကရေကြောင်းဆိုင်ရာ ပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အားကိုးအားထားရာ ဖြစ်ရန်လိုသကဲ့သို့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေဆိပ်ကမ်း၌ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်မီးသွေးတွင်းထဲ အောက်ဆီဂျင်ပြတ်၍ လူသုံးဦး သေဆုံး

မိတ္ထီလာ ဖေဖော်ဝါရီ ၂၈

မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းအပိုင် ပျဉ်ညောင်ရဲကင်းမှူး ဒုရဲအုပ်ဇော်လင်းဦး တာဝန်ထမ်းဆောင်နေစဉ် ဖေဖော်ဝါရီ ၂၃ ရက်က ကျောက်မီးသွေးတွင်းအတွင်း လူများသေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ကြက်စခန်းကျေးရွာအရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာ YCDC ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းပိုင် ကျောက်မီးသွေးတွင်းထဲတွင် ရွာငံမြို့နယ် ဝက်ကဒူးကျေးရွာနေ မောင်ငယ် (၂၅)နှစ်၊ အောင်ပန်းမြို့နေ အောင်လင်း (၂၃)နှစ်နှင့် ရွှေညောင်မြို့ အောင်သပြေရပ်နေ မြင့်သန်းထွန်း(၄၀)နှစ်တို့မှာ ပြင်ပဒဏ်ရာမရှိဘဲ ကျောက်မီးသွေးတွင်းအတွင်း အောက်ဆီဂျင်ပြတ်၍ သုံးဦးစလုံး သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိကြသည်။ ယင်းမာပင်ရဲစခန်းက သေမှုသေခင်း ၁/၂၀၁၂ ဖြင့် အမှုဖွင့်အရေးယူထားသည်။

(၁၁၁)

ကျောက်ဖြူဒေသသည် ဒေသဝမ်းစာဖူလုံမှုမရှိသေးသဖြင့် ဖူလုံစေရန် ကြိုးပမ်းဆောင်ရွက်

ဒေသတွင်းဖြစ်ထွန်းနိုင်မည့် ရော်ဘာစိုက်ပျိုးရေးကို ကြိုးစားဆောင်ရွက်စေလို

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ်အတွင်း သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း သွယ်တန်းမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ နံနက် ၉ နာရီခွဲတွင် ကျောက်ဖြူမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရခိုင်လူမျိုးစုများနှင့် ရခိုင်ရိုးရာစည်တော်အကအဖွဲ့တို့က ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးသန်းဌေးနှင့် ဦးအေးမြင့်၊ တရုတ်သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ သံတွဲလေဆိပ်မှ ဒေဝူးကုမ္ပဏီ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းဝင်တစ်ခုဖြစ်သည့် ပင်လယ်ပြင်ပိုက်လိုင်းသွယ်တန်းနေသော ဟွန်ဒိုင်း HD-(60) ပိုက်လိုင်းချ သင်္ဘောပေါ်သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့် ဦး ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ တွေ့ဆုံပွဲသို့ တက်ရောက် လာကြသည့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတအား စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း မန်နေဂျင်းဒါရိုက်တာ Mr. S.B. Joo က ပင်လယ်ပြင်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းနေမှု လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်အတိုင်း ပြီးစီးရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့◆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

အားကစားကွင်း၊ အားကစားရုံများနှင့် အားကစားရွာများ အချိန်မီပြီးစီးအောင် ကြိုးစားတည်ဆောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီ ၁၃ ခု၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၁ ခုနှစ် မေ ၁၀ ရက်တွင် ကျင်းပခဲ့ပါကြောင်း။

ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

(၄၄)နှစ်ကြာမှ ကျင်းပခွင့်ရရှိခဲ့သော ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုလည်း သွားရောက်လေ့လာစေခဲ့ပြီးဖြစ်ပါကြောင်း၊ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပိတ်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအလံကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံလွှဲပြောင်းယူခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၁ လသာ လိုတော့သဖြင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် အထူးလိုအပ်နေပြီဖြစ်ပါကြောင်း၊ ကုန်ကျမည့် ဘဏ္ဍာငွေ လျာထားခွင့်ပြုပေးနိုင်ရေးအတွက် ဘဏ္ဍာရေးကုန်ကျစရိတ်များကိုလည်း ခန့်မှန်းတွက်ချက်တင်ပြကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

အားကစားကွင်း၊ အားကစားရုံများနှင့် အားကစားရွာတည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံတကာ အားကစားအဖွဲ့ချုပ်များ၏ လိုအပ်သည့်စစ်ဆေးမှု ခံယူနိုင်ရေးနှင့် မြန်မာအားကစားသမားများ ကြိုတင်လေ့ကျင့်နိုင်ရေးအတွက် အချိန်မီပြီးစီးအောင် ကြိုးစားတည်ဆောက်သွားကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

အလားအလာရှိသော အားကစားသမားများအပြင် မျိုးဆက်သစ်အားကစားသမားများကို နည်းမျိုးစုံဖြင့် ရှာဖွေစခန်းသွင်းပြီး ပြည်တွင်း/ပြည်ပ နည်းပြများနှင့် ပြင်းပြင်းထန်ထန် လေ့ကျင့်နေပြီး နည်းစနစ်မှန်မှန် ဆက်လက်လေ့ကျင့်ပေးရန်နှင့် ရွှေတံဆိပ်များ ဆွတ်ခူးရရှိနိုင်ရန်အတွက်လည်း စိတ်ဓာတ်မြှင့်တင်ပေးကြရန် လိုအပ်ပါကြောင်း၊ အားကစား

စာမျက်နှာ ၁၀ ကော်လံ ၁ သို့❖

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)